စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၄၀ / ၂၀၂၂)     ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ(၁၃) ရက်

| ၁၃-၁၀-၂၀၂၂ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂၁၀၀.၀ |
| ယူရို | ၂၀၄၃.၅ |
| စင်္ကာပူဒေါ်လာ | ၁၄၆၅.၀ |
| စတာလင်ပေါင် | ၂၃၄၃.၄ |
| ဂျပန်ယန်း (၁၀၀) | ၁၄၃၀.၆ |
| တရုတ်ယွမ် | ၂၈၂.၂၀ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၇.၅၃ |
| အိန္ဒိယရူပီး | ၂၅.၅၀၁ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၆.၈၀ |
| မလေးရှား ရင်းဂစ် | ၄၄၇.၆၂ |
| ဖိလစ်ပိုင်ပီဆို | ၃၅.၆၃၅ |
| ထိုင်းဘတ် | ၅၅.၄၆၀ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၆၉၇၅ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

## သတင်းခေါင်းစဉ်များ

- **အထွေထွေသတင်းများ**

➢ တရုတ်နိုင်ငံ၏ ထောက်ပံ့ပို့ဆောင်ရေး အညွှန်းကိန်းများ ပိုမိုကောင်းမွန်လာခြင်းသည် စီးပွားရေးပြန်လည်ဦးမော့လာမှုကို ထင်ဟပ်

➢ Global Innovation Index 2022 မိတ်ဆက်ခြင်းအတွက် တရုတ်ဝန်ကြီးချုပ်က ဂုဏ်ပြု

➢ တရုတ်အမျိုးသမီးများအတွက် အကျိုးကျေးဇူးများ လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း ပိုမိုရရှိခဲ့

➢ တရုတ်နိုင်ငံဈေးကွက်၏ တိုးတက်မှုအလားအလာကို အမျိုးသားနေ့အားလပ်ရက် စားသုံးမှု ပမာဏမှတဆင့်ဖော်ပြ

➢ တရုတ်ငွေကြေးယွမ် တန်ဖိုးလျော့ကျခြင်း-အမေရိကန်နှင့် ယူရိုဇုန်အတိုးနှုန်းခုန်တက်မှုများ၏ သက်ရောက်မှုများ

➢ စွမ်းအင်ကဏ္ဍ အကျပ်အတည်းနှင့် ပလပ်စတစ်ထုတ်လုပ်မှုလျော့ချရေး (ဂျာမနီ)

➢ အီးယူ၏ စွမ်းအင်ကဏ္ဍအစီအစဉ်များနှင့် အရှေ့တောင်အာရှနိုင်ငံများ အပေါ် သက်ရောက်မှု

➢ ဂျာမနီနှင့် စပိန်နိုင်ငံတို့အကြား စွမ်းအင်ကဏ္ဍဆိုင်ရာ ဆွေးနွေးခြင်း

➢ အီးယူဒေသ စက်သုံးဆီ ဈေးနှုန်းများ

➢ ဂျာမနီနိုင်ငံတွင် ခရီးသွားလာမှုများပြန်လည်မြင့်တက်လာခြင်း

- အီးယူက အင်ဒိုနီးရှားနိုင်ငံနှင့် ကုန်သွယ်မှုနှင့်သံတမန်ဆက်ဆံရေးတိုး မြှင့်ဆောင်ရွက်လာခြင်း
- IMF က ဂျာမနီနှင့် အီတလီနိုင်ငံတို့ စီးပွားရေးအလားအလာများကို ခန့်မှန်းခြင်း

## တရုတ်နိုင်ငံ၏ ထောက်ပံ့ပို့ဆောင်ရေး အညွှန်းကိန်းများ ပိုမိုကောင်းမွန်လာခြင်းသည် စီးပွားရေးပြန်လည်ဦးမော့လာမှုကို ထင်ဟပ်

တရုတ်နိုင်ငံ၏ များစွာသောထောက်ပံ့ပို့ဆောင်ရေး အညွှန်းကိန်းများသည် ဈေးကွက်ဝယ်လိုအားနှင့် လုပ်ငန်းလည်ပတ်မှုများတိုးတက်မှုများဖြင့် ၎င်းတို့၏ အောက်ဘက်သို့ ဦးတည်နေသောလမ်းကြောင်းများကို မကြာသေးမီက ပြောင်းပြန်လှန်လိုက်ကြပြီး တရုတ်၏ စီးပွားရေးအင်ဂျင်သည် တိုးတက်မှုလိုလားသော မူဝါဒများ pro-growth policies ကြောင့် စီးပွားရေးတစ်ကျော့ပြန် ပြန်လည်ကောင်းမွန်လာနိုင်သည်ကို ညွှန်ပြလျှက်ရှိပါသည်။ ပြီးခဲ့သည့် နိုင်ငံတော်အားလပ်ရက် သီတင်းပတ်အတွင်း တရုတ်နိုင်ငံ၏ အမြန်ပို့ဆောင်ရေး လုပ်ငန်းများသည် အမှာစာများဖြင့် ပြည့်နှက်နေပြီး စုစုပေါင်း ပါဆယ်ထုပ်ပေါင်း ၄.၁ ဘီလီယံကျော်ကို ကိုင်တွယ်ခဲ့ကြောင်း နိုင်ငံတော်စာတိုက်ဗျူရိုက (၈-၁၀-၂၂) ရက်နေ့တွင် ပြောကြားခဲ့သည်။

လုပ်ငန်းအညွှန်းကိန်းတစ်ခုဖြစ်သည့် နိုင်ငံ၏ အမြန်ချောပို့ဈေးကွက်သည် ၎င်း၏ ယခင်အနိမ့်ဆုံးမှ ပြန်လည်ခုန်တက်လာကာ ပုံမှန်အားဖြင့် အရောင်းထိုင်းသော စက်တင်ဘာလတွင် သွက်လက်လာပြီး တရုတ်နိုင်ငံ၏ အမြန်ပို့ဆောင်ရေး ဖွံ့ဖြိုးတိုးတက်ရေး အညွှန်းကိန်းသည် လွန်ခဲ့သည့်လတွင် ၃၅၃ ဒသမ ၁ ဖြင့် ရောက်ရှိလာပြီး လတွင် ၁၃ဒသမ ၅ ရာခိုင်နှုန်းတက်လာခဲ့သည်။

China Federation of Logistics and Purchasing (CFLP) နှင့် e-commerce ကုမ္ပဏီကြီး JD.com တို့ ပူးပေါင်းပြုလုပ်သော စစ်တမ်းအရ e-commerce ထောက်ပံ့ပို့ဆောင်ရေး အညွှန်းကိန်းသည် ဖေဖော်ဝါရီတွင် ၁၀၈ ဒသမ ၉ ဖြင့် စံချိန်တင်ထားသည့် ယခုနှစ်၏အမြင့်ဆုံးကိန်းကို ဩဂုတ်လ၏ အညွှန်းကိန်း ၁၀၈ ဒသမ ၉ ဖြင့် ပြောင်းပြန်လှန်သွားခဲ့ကြောင်း တိုးတက်မှုများသည် e-commerce ကဏ္ဍတွင်လောက်သာမဟုတ်ဘဲ CFLP ၏အဆိုအရ တရုတ်နိုင်ငံ၏ ထောက်ပံ့ပို့ဆောင်ရေးဈေးကွက်စွမ်းဆောင်ရည်ကို ခြေရာခံသည့်အညွှန်းကိန်းသည် စက်တင်ဘာလတွင် ၅၀ ဒသမ၆ ရာခိုင်နှုန်း၊ ဩဂုတ်လ ရာခိုင်နှုန်းအအညွှန်းကိန်းထက် ၄ ဒသမ ၃ အထိတက်လာပြီး နှစ်လကြာအရှုံးပေါ်နေသည့် လမ်းကြောင်းကို ပြောင်းပြန်လှန်ပစ်ခဲ့ ကြောင်း CFLP အရသိရသည်။

မက်ခရိုမူဝါဒများ အကောင်အထည်ဖော်ရာတွင် အကောင်းဘက်သို့ဦးတည်လာခြင်း အိမ်သုံးစားသုံးမှုများ ပုံမှန်ပြန်လည်ကောင်းမွန်လာခြင်း၊ စွမ်းအင်နှင့် ထောက်ပံ့ပို့ဆောင်ရေးတွင် လျင်မြန်စွာတိုးတက်လာခြင်းနှင့် ထောက်ပံ့ပို့ဆောင်ရေး ထောက်ပံ့မှုစွမ်းရည် ပြန်လည်ထူ

ထောင်ခြင်းတို့ကြောင့်ဟု China Logistics Information Center မှ သုတေသီ Hu Han က ပြောကြားခဲ့သည်။

ညွှန်းကိန်းခွဲအများစုသည် ပြီးခဲ့သည့်လက တက်လာခဲ့ကြောင်း အမှာစာအသစ်များ အတွက် အညွှန်းခွဲများသည် ဩဂုတ်လမှ ၃ ဒသမ ၂ ရာခိုင်နှုန်းအထိတက်လာပြီး အမှာစာများ တိုးလာခြင်းနှင့် ထောက်ပံ့ပို့ဆောင်ရေးဈေးကွက်တွင် ဝယ်လိုအား ပြန်လည်ရရှိလာကြောင်း CFLP ၏ လက်ထောက်ဥက္ကဋ္ဌ He Hui က ပြောသည်။

Hu က တရုတ်နိုင်ငံ၏ ထောက်ပံ့ပို့ဆောင်ရေး အခြေခံအဆောက်အအုံသည် စက်တင် ဘာလတွင် အလုံးစုံချောမွေ့ခဲ့ကြောင်း စီးပွားရေးလုပ်ငန်းပမာဏ လျင်မြန်စွာ ပြန်လည်ကောင်း မွန်လာခြင်းနှင့် အညွှန်းကိန်းအသစ်များ ညွှန်ပြထားသည့်အတိုင်း e-commerce အမြန်ကွန်ရက် ၏ ခိုင်မာသော ခံနိုင်ရည်အား သတိပြုမိကြောင်း ပြောကြားခဲ့သည်။ အမှာစာများနှင့် ဝင်ငွေများ တိုးလာခြင်းကြောင့် အရွယ်အစားအမျိုးမျိုးရှိ လုပ်ငန်းများ၏ အမြတ်အစွန်းသည် တိုးတက်မှု လက္ခဏာများ ပြသခဲ့ကြောင်း တတိယသုံးလပတ်တွင် ကုမ္ပဏီများ၏ စွမ်းဆောင်ရည်များသည် ယခင်သုံးလပတ်ထက် သိသိသာသာအားကောင်းလာကြောင်း “စီးပွားရေးကို တည်ငြိမ်အောင် ထိန်းပြီး စီးပွားရေးလုပ်ငန်းတွေကို ပံ့ပိုးပေးမယ့်မူဝါဒတွေ တဖြည်းဖြည်း အသက်ဝင်လာတာနဲ့ အမျှ ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍမှာ စီးပွားရေးလုပ်ငန်းတွေက အလုံးစုံတိုးတက်လာတာကို တွေ့ရပါတယ်” ဟု Hu က ပြောကြားခဲ့သည်။

ယခုနှစ်တွင် တရုတ်နိုင်ငံသည် COVID-ဖြစ်ပေါ်လာသော အနှောင့်အယှက်များကို ကိုင် တွယ်ဖြေရှင်းရန်နှင့် ကပ်ရောဂါထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်မည့် အစီအမံများကို ထုတ်ဖော် ခဲ့သည်။ စက်တင်ဘာလနှောင်းပိုင်းတွင် တရုတ်ဝန်ကြီးချုပ် Li Keqiang က မူဝါဒကို အကောင် အထည်ဖော်ရန် တိုက်တွန်းခဲ့ပြီး ချောမွေ့သောထောက်ပံ့ပို့ဆောင်ရေးနှင့် ကျောက်မီးသွေးနှင့် လျှပ်စစ်ဓာတ်အား ပံ့မှန်ရရှိရေးတို့ကို အာမခံချက်ပေးရန် ကြိုးပမ်းဆောင်ရွက်ရန် တိုက်တွန်းခဲ့ သည်။ ရှေ့ကိုမျှော်ကြည့်ပါက ရှုပ်ထွေးသောနိုင်ငံတကာစီးပွားရေးအခြေအနေများ၊ ဒေသအများ အပြားတွင် COVID-19 ဖြစ်ပွားမှုများ ပြန်လည်ပေါ်ပေါက်လာခြင်းနှင့် အားနည်းသောဝယ်လိုအား တို့ကို ပေါင်းစပ်၍ စတုတ္ထသုံးလပတ်တွင် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများကို ချိန်ဆနိုင်သည် ဟု သုံးသပ်သူများက ဆိုသည်။

ရင်းမြစ် [Improving logistics indexes reflect China's economic recovery – News – 云桥网英文 (yunnangateway.com)]

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

## Global Innovation Index 2022 မိတ်ဆက်ခြင်းအတွက် တရုတ်ဝန်ကြီးချုပ်က ဂုဏ်ပြု

တရုတ်ဝန်ကြီးချုပ် Li Keqiang သည် ကမ္ဘာလုံးဆိုင်ရာ ဆန်းသစ်တီထွင်မှု အညွှန်းကိန်း 2022 ကို စတင်ခြင်းအတွက် ကမ္ဘာ့ဉာဏပစ္စည်းမူပိုင်ခွင့်အဖွဲ့ (WIPO) သို့ (၆-၁၀-၂၂) ရက်နေ့တွင် ဂုဏ်ပြုစာတစ်စောင် ပေးပို့ခဲ့ကြောင်း သူ၏စာထဲတွင် သိပ္ပံနည်းပညာဆန်းသစ်တီထွင်မှုသည် လူ့အသိုင်းအဝိုင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကောင်းမောင်းသန် မောင်းနှင်အားဖြစ်ကြောင်း ဆန်းသစ်တီထွင်မှုသည် အလွန်အရေးပါ၍ တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ဆန်းသစ်တီထွင်မှုကွန်ရက်တွင် အားကြိုးမာန်တက်ပေါင်းစည်းကာ ဉာဏပစ္စည်းဆိုင်ရာ အခွင့်အရေးများ (IPRs) ကို အကာအကွယ်ပေးထားပြီး သိပ္ပံနည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုတွင် ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကို ကဏ္ဍများ၏ မျက်နှာစာအားလုံးတွင် အားကောင်းစေခဲ့ကြောင်း တရုတ်နိုင်ငံသည် သိပ္ပံနည်းပညာဆိုင်ရာ စွမ်းပကားနှင့် ဆန်းသစ်တီထွင်မှုစွမ်းရည်များ တိုးမြှင့်ခြင်းတွင် ထူးထူးခြားခြားတိုးတက်မှုကို ရရှိခဲ့ကြောင်း၊ ၎င်း၏ ဆန်းသစ်တီထွင်မှုတွန်းအားနှင့် လုပ်ငန်းသစ်များသည် ဈေးကွက်၏တက်ကြွမှုနှင့် လူမှုရေးဆိုင်ရာ တီထွင်ဖန်တီးနိုင်စွမ်းကို မြှင့်တင်ပေးပြီး တိုးတက်မှုတွန်းအားသစ်များ ရှင်သန်ကြီးထွားစေရန် ကူညီပေးခဲ့ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

အနာဂတ်တွင် တရုတ်နိုင်ငံသည် နိုင်ငံတကာဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုပွင့်လင်းသောသဘောထားဖြင့် တိုးတက်စေမည်ဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာ သိပ္ပံနှင့် နည်းပညာအုပ်ချုပ်မှုတွင် ၎င်း၏ပါဝင်ဆောင်ရွက်မှုကို နက်ရှိုင်းစေကာ သိပ္ပံနည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအတွက် နယ်ပယ်သစ်များကို စူးစမ်းရှာဖွေသွားမည်ဟု ပြောကြားခဲ့သည်။ ပွင့်လင်းမြင်သာမှု၊ အားလုံးပါဝင်နိုင်မှု၊ မျှတပြီး ထိရောက်မှုရှိသော နိုင်ငံတကာ IPR စည်းမျဉ်းများကို မြှင့်တင်ရန်အတွက် တရုတ်နိုင်ငံသည် WIPO နှင့် ရင်းနှီးသော ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်ထိန်းသိမ်းသွားရန် ဆန္ဒရှိကြောင်း လီက ပြောကြားခဲ့သည်။

ရင်းမြစ် [Chinese premier offers congratulations on Global Innovation Index 2022 launch – News – 云桥网英文 (yunnangateway.com)]

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

…………………………………………………………..

Agribusiness & Trade

# တရုတ်အမျိုးသမီးများအတွက် အကျိုးကျေးဇူးများ လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း ပိုမိုရရှိခဲ့

လွန်ခဲ့သည့်ဆယ်စုနှစ်များအတွင်း တရုတ်အမျိုးသမီးများအတွက် အကျိုးခံစားခွင့်များ ပိုမိုတိုးမြင့်လာကြောင်း (၈-၁၀-၂၂) သတင်းစာရှင်းလင်းပွဲတွင် အချက်အလက်များနှင့် စာရင်းဇယားများ ဆက်တိုက်ဖော်ပြခဲ့ကြောင်း ဤကာလအတွင်း တရုတ်နိုင်ငံရှိ အဆင့်အသီးသီးရှိ အမျိုးသမီးအဖွဲ့ချုပ်များသည် ကျေးလက်ဒေသများတွင် လက်တွေ့ကျွမ်းကျင်မှုသင်တန်းပေါင်း ၂၀၀,၀၀၀ ကျော်ကို ဖွင့်လှစ်ခဲ့ပြီး အမျိုးသမီးသင်တန်းသား သန်း ၂၀ နီးပါးကို အကျိုးပြုခဲ့ကြောင်း All-China Women's Federation ၏ ညီလာခံတွင် ပြောကြားခဲ့သည်။

အမျိုးသမီး သိပ္ပံပညာရှင်များနှင့် သုတေသီပေါင်း ၈၃၀,၀၀၀ ကျော်အား လူထု၏သိပ္ပံပညာဆိုင်ရာအသိပညာများ မြှင့်တင်ရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အကူပြုခြင်း စသည့်ဝန်ဆောင်မှုများ ပေးဆောင်ရာတွင် ပါဝင်ရန်စည်းရုံးခဲ့သည်။ လွန်ခဲ့သည့်ဆယ်နှစ်အတွင်း အမျိုးသမီး ၇ သန်းကျော်သည် စီးပွားရေးနှင့် စွန့်ဦးတီထွင်မှုဆိုင်ရာ အထောက်အပံ့များ ရရှိခဲ့ကြောင်း အဆိုပါညီလာခံမှ သိရသည်။

ပြီးခဲ့သောဆယ်စုနှစ်များအတွင်း အမျိုးသမီးများ၏တရားဝင်အခွင့်အရေးနှင့် အကျိုးစီးပွားများအတွက် ပိုမိုကောင်းမွန်သော အကာအကွယ်ပေးမှုများ၊ အကြံပေးခြင်း၊ တိုင်ကြားမှုများကို ကိုင်တွယ်ဖြေရှင်းခြင်းနှင့် အမျိုးသမီးများအတွက် ဥပဒေရေးရာအကူအညီများ ပံ့ပိုးပေးခြင်း စသည့် ဝန်ဆောင်မှုအမျိုးမျိုးဖြင့်လည်း ပိုမိုကောင်းမွန်လာခဲ့သည်။ အမျိုးသမီးများနှင့် ကလေးသူငယ်များ သက်သာချောင်ချိရေး မြှင့်တင်ပေးမည့် ပရဟိတ ပရောဂျက်များကို ပိုမိုလွှမ်းခြုံနိုင်သောနယ်ပယ်များ တိုးမြင့်လာစေရန် လုပ်ဆောင်ခဲ့ကြောင်း အဆိုပါ ညီလာခံတွင် ပြောကြားခဲ့သည်။ ထို့အပြင် တရုတ်နိုင်ငံရှိ အမျိုးသမီးအဖွဲ့ချုပ်များသည် နိုင်ငံပေါင်း ၁၄၅ နိုင်ငံရှိ အမျိုးသမီးအသင်းအဖွဲ့များ၊ အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းပေါင်း ၄၂၀ ကျော်နှင့် ရင်းနှီးစွာ ဖလှယ်နိုင်ခဲ့ကြောင်း သိရသည်။

ရင်းမြစ် [More benefits to Chinese females over past decade – News – 云桥网英文 (yunnangateway.com)]

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

……………………………………………………………………

## တရုတ်နိုင်ငံဈေးကွက်၏ တိုးတက်မှု အလားအလာကို အမျိုးသားနေ့အားလပ်ရက် စားသုံးမှု ပမာဏမှတဆင့်ဖော်ပြ

စည်းစနစ်စွာ တန်းစီစောင့်ဆိုင်းပြီး ၎င်းတို့၏ ကျန်းမာရေးအချက်အလက်ကို စစ်ဆေးပြီးနောက် မစ်စတာ.ကျန်ဝေနှင့် ၎င်း၏မိသားစုသည် အားလပ်ရက်တွင် ဈေးဝယ်ထွက်ရန် အဆင်သင့်ဖြစ်ရာ တရုတ်နိုင်ငံတောင်ပိုင်း ကွမ်ကျိုးရှိ ဂရမ်းဗျူး လျှော့ပင်းမေသို့ ဝင်ရောက်ခဲ့ကြသည်။

Tianhe Road ဈေးဝယ်ဧရိယာသည် ဈေးဝယ်စင်တာကြီး ၂၀ ကျော်ရှိသည့် တရုတ်နိုင်ငံတွင် အကြီးဆုံး စီးပွားရေးအစုအဝေးများထဲမှ တစ်ခုဖြစ်ရာ စားသုံးသူများသည် ဤနေရာတွင် အစားအသောက်များဝယ်ယူခြင်း ဈေးဝယ်ထွက်ခြင်းနှင့် အခြားဝန်ဆောင်မှုများကို တစ်နေရာတည်းတွင်ရရှိ၍ နှစ်သက်ကြကြောင်း အားလပ်ရက်တွင် တစ်နေကုန်အချိန်ဖြုန်း၍ရကြောင်း Zhang က ပြောပြပါသည်။

အောက်တိုဘာ (၁)ရက်မှ(၇)ရက်အထိ ကြာမြင့်သည့် တရုတ်နိုင်ငံ၏ အမျိုးသားနေ့အားလပ်ရက်သည် စားသုံးမှုအများဆုံးရာသီဖြစ်ကြောင်း အာဏာပိုင်များသည် စားသုံးမှုမြှင့်တင်ရန် ယခုနှစ်အားလပ်ရက်မတိုင်မီ မူဝါဒအများအပြားကို ထုတ်ပြန်ခဲ့ကြောင်း ယခုနှစ် အားလပ်ရက်အတွင်း တရုတ်နိုင်ငံတွင် ပြည်တွင်းခရီးသွား ၄၂၂ သန်းခန့် လည်ပတ်ကြရန်ခန့်မှန်းခဲ့ကြောင်း ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာနက (၇-၉-၂၀၂၂)ရက်နေ့တွင် ပြောကြားခဲ့သည်။ အားလပ်ရက်အတွင်း ပြည်တွင်းခရီးသွားလုပ်ငန်းမှ ရရှိသည့်ဝင်ငွေစုစုပေါင်းသည် ယွမ် ၂၈၇.၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၄၀.၅ ဘီလီယံခန့်) ရှိကြောင်း ဝန်ကြီးဌာန၏ စာရင်းဇယားများအရ သိရသည်။

### ဈေးဝယ်ထွက်ခြင်း

ကွဲပြားသောနည်းလမ်းများဖြင့် စားသုံးမှုမြှင့်တင်ရန် များပြားလှသော စားသုံးသူအုပ်စုများကို ပစ်မှတ်ထားသည့်အမျိုးသားနေ့အားလပ်ရက်၏ အခွင့်အရေးကို ဆုပ်ကိုင်ထားပြီးဖြစ်ကြောင်း Zhejiang တက္ကသိုလ်မှ ပါမောက္ခ Pan Helin က ပြောကြားခဲ့သည်။

(၆-၁၀-၂၀၂၂) ရက်နေ့အထိ Tianhe လမ်းဈေးဝယ် ဧရိယာတွင် ဖောက်သည်အရေအတွက်သိသိသာသာတိုးလာကြောင်း စားသောက်ဆိုင်ကြီးများနှင့် အဖျော်ယမကာဆိုင်ခွဲများအပြင် ရွှေလက်ဝတ်ရတနာများ၊ တန်ဖိုးကြီးအလှကုန်များ၊ နာရီများနှင့် အားကစားပစ္စည်းများကဲ့သို့သော လက်လီကုန်ပစ္စည်းအချို့အတွက် ခိုင်မာသောဝယ်လိုအားရှိပါသည်။

Agribusiness & Trade

တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ် ချန်ရှာမြို့တွင် ညအချိန်ဈေးဝယ်ထွက်ခြင်းသည် အားလပ်ရက်အတွင်း ခေတ်စားလာသော စားသုံးမှုဈေးကွက်အဖြစ် ပေါ်လွင်လာခဲ့ကြောင်း Jiefang West Road နှင့် Huangxing South Road လူကူးလမ်းများရှိ စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏ လုပ်ငန်းချိန်များကို တိုးမြှင့်ပေးပြီး အဓိကဈေးဝယ်စင်တာများသည် စားသုံးသူများ၏ စားသုံးမှုဆန္ဒကို ပိုမိုလှုံ့ဆော်ရန် လျှော့ဈေးများနှင့် ပရိုမိုးရှင်းများကို ပေးကြသည်။

အားလပ်ရက်အစတွင် ချန်းရှရှိ Joy City ဈေးဝယ်စင်တာသည် ဖောက်သည်များအား ၄၈ နာရီဆက်တိုက် တံခါးဖွင့်ထားခဲ့ကြောင်း ဤကာလအတွင်းတွင် ဖောက်သည် ၁၈၀,၀၀၀ ရောက်ရှိလာပြီး ရောင်းအား ယွမ် ၂၇ ဒသမ ၁၇ သန်းအထိ ရောက်ရှိခဲ့ကြောင်း လုံလောက်သော မက်လုံးများနှင့် အားလပ်ရက် အငွေ့အသက်များနှင့်အတူ မော်တော်ယာဉ်နှင့် အိမ်သုံးပစ္စည်းများကဲ့သို့သော ကုန်စည်ဈေးကွက်များ၏ ရောင်းအားမှာလည်း သိသိသာသာတိုးလာခဲ့ကြောင်း လက်လီရောင်းချသူ Suning.com ၏အဆိုအရ၊ အုတ်နှင့်အင်္ဂတေစတိုးဆိုင်များ brick-and-mortar stores တွင် အော့ဖ်လိုင်းအသုံးပြုသူများနှင့် ထုတ်ကုန်အသစ် အတွေ့အကြုံရှိသူအရေအတွက်သည် တစ်နှစ်ထက်တစ်နှစ် ၂၀၀ ရာခိုင်နှုန်းနီးပါး အောက်တိုဘာ ၁ ရက်မှ ၄ ရက်အတွင်း တိုးလာခဲ့သည်။

## ပြည်တွင်းခရီးစဉ်များ

ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဒေသခံပြည်သူများ သွားလာရန် ပြည်တွင်းခရီးစဉ်များ၏ပထမဆုံး ရွေးချယ်မှုများထဲတွင် သွားရောက်လည်ပတ်သည့် ထိပ်တန်းသုံးခုမှာ (က) ဆင်ခြေဖုံး ပန်းခြံများ (ခ) မြို့ပြအနီးတဝိုက်ရှိ ကျေးရွာများနှင့် (ဂ) မြို့ပြပန်းခြံများဖြစ်ကြောင်း၊ ၂၃.၈ ရာခိုင်နှုန်း၊ ၂၂.၆ ရာခိုင်နှုန်းနှင့် ၁၆.၈ ရာခိုင်နှုန်း အသီးသီးရှိခဲ့သည်။

တရုတ်နိုင်ငံ၏ ထိပ်တန်းအွန်လိုင်းခရီးသွားအေဂျင်စီ Trip.com Group မှ (၇-၁၀-၂၀၂၂) ရက်နေ့တွင် ထုတ်ပြန်သည့် အစီရင်ခံစာတစ်ခုအရ ပလက်ဖောင်းပေါ်တွင် ကြိုတင်မှာယူမှု၏ ၆၅ ရာခိုင်နှုန်းသည် ဒေသဆိုင်ရာနှင့် အနီးနားရှိ ခရီးတိုခရီးစဉ်များအတွက်ဖြစ်ကြောင်း တိုတောင်းသောခရီးစဉ်များနှင့် ဆင်ခြေဖုံးရပ်ကွက်များသို့ ကိုယ်တိုင်မောင်းနှင်သည့် ခရီးစဉ်များသည် အထူးသဖြင့် မြို့ပြနေသူများအကြား ရေပန်းစားလာကြောင်းသိရှိရပါသည်။

ပလပ်ဖောင်းများစွာမှ ဒေတာများအရ အားလပ်ရက်အတွင်း ခရီးသွားကြိုတင်မှာယူမှုများ များပြားလာကြောင်း ဘေဂျင်း၊ ရှန်ဟိုင်းနှင့် ကွမ်ကျိုးတို့ရှိ ရိုးရာအိမ်များတွင် အထူးအိပ်ယာနှင့် နံနက်စာများ Special bed-and-breakfasts သည် အလွန်ရောင်းကောင်းကြောင်း

Agribusiness & Trade

ခရီးတိုခရီးများ ရေပန်းစားလာသဖြင့် အချို့သော စားသောက်ကုန် လုပ်ငန်းများသည် စားသုံးသူများအတွက် သယ်ယူစားသောက်ရန် အဆင်ပြေစေသည့် ကိုယ်တိုင်အပူပေး အစားအစာများ self-heating food ကို အရောင်းမြှင့်တင်ကြကြောင်း Beijing Huatian Catering Holding Group မှ ဝန်ထမ်းတစ်ဦးဖြစ်သူ Guan Yunqi က ကုမ္ပဏီသည် အမျိုးသားနေ့အားလပ်ရက်အတွင်း ရောင်းအားများမြင့်တက်လာသည့် ကိုယ်တိုင်အပူပေးသည့် အစားအစာလေးမျိုးနှင့် ကိုယ်တိုင်အပူပေးသည့် ဟော့ပေါ့အမျိုးအစားနှစ်မျိုးကို စတင်ထုတ်လုပ်လိုက်ကြောင်း "တရုတ်၏စားသုံးသူ ဈေးကွက်၏ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်သည်မနှေးကွေးသေးကြောင်း”နှင့် “မြို့ကြီးများ၏ ပြင်းပြသောစားသုံးမှု အငွေ့အသက်များက တရုတ်နိုင်ငံစီးပွားရေး၏ ခံနိုင်ရည်ရှိမှုနဲ့ တက်ကြွမှုကို ထင်ဟပ်နေပါတယ်”ဟု ဟူနန်နော်မယ်တက္ကသိုလ်လက်အောက်ရှိ ခရီးသွားလုပ်ငန်းကောလိပ်မှဌာနမှူး ဝမ်ကျောက်ဖန် ကပြောကြားခဲ့သည်။

ရင်းမြစ် yunnangateway.com/html/2022/news_1008/26047.html
ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး
ကူမင်း

………………………………………………………………………..

## တရုတ်ငွေကြေးယွမ် တန်ဖိုးလျော့ကျခြင်း-အမေရိကန်နှင့် ယူရိုဇုန် အတိုးနှုန်းခုန်တက်မှုများ၏ သက်ရောက်မှုများ

၂၀၂၂ ခုနှစ်သည် ကမ္ဘာ့နိုင်ငံများစွာအတွက် စီးပွားရေးစိန်ခေါ်မှုများ ဖြစ်ပေါ်စေရာ စက်တင်ဘာလတွင်အမေရိကန်နှင့် ယူရိုဇုန်ရှိငွေကြေးဆိုင်ရာမူဝါဒ အပြောင်းအလဲများသည် ကမ္ဘာလုံးဆိုင်ရာခေါင်းကြီးပိုင်းတွင်နေရာယူထားကြောင်း အကျိုးဆက်အနေဖြင့် ၂၀၂၀ ခုနှစ်မှစတင်၍ ပထမဆုံးအကြိမ်အဖြစ် တရုတ်ငွေကြေးရန်မင်ဘီနှင့် အမေရိကန်ဒေါ်လာသည် ငွေလဲနှုန်းအချိုးသည် ၇ အချိုး ၁ ဖြစ်ခဲ့ကြောင်း ယခုဆောင်းပါးတွင် အမေရိကန်၊ ယူရိုဇုန်၊ တရုတ်နိုင်ငံတို့၏ မက်ကရိုစီးပွားရေးမူဝါဒများနှင့် ရင်းနှီးမြှုပ်နှံသူများအတွက်သက်ရောက်မှုများကို တင်ပြထားပါသည်။

(၂၁-၉-၂၂)ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု ဖက်ဒရယ်ဗဟိုဘဏ်က အတိုးနှုန်းကို အခြေခံပွိုင့် ၇၅ ပွိုင့်အထိ တိုးမြှင့်ခဲ့ခြင်းသည် ငွေကြေးဖောင်းပွမှုကို ဖြိုဖျက်ရန် ကြိုးပမ်းမှုများဖြစ်ပြီး (၂၃-၉-၂၂)တွင် အတိုးနှုန်းသည် ၃ ဒသမ ၇၁၉ ရာခိုင်နှုန်းဖြစ်ခဲ့ပါသည်။ အမေရိကန်ပြည်ထောင်စု စီးပွားရေးသည် ၂၀၂၂ ခုနှစ်၊ ဒုတိယလေးလပတ်တွင် ၀ ဒသမ ၆ ရာခိုင်နှုန်းကျုံ့ခဲ့ပြီး ဖောင်းပွမှုနှုန်းသည် ဇူလိုင်လတွင် ငွေကြေးဖောင်းပွမှုနှုန်းသည် ၆ ဒသမ ၃ ရာခိုင်နှုန်းတွင် ရပ်တည်ခဲ့ပြီး ယခုနှစ်အကုန်တွင် ၅ ဒသမ၄ ရာခိုင်နှုန်း (အစားအစာနှင့် စွမ်းအင်မပါဝင်သော

အခါက ဖေါင်းပွနှုန်းသည် ၄ဒသမ ၅ ရာခိုင်နှုန်း) သို့ ကျဆင်းသွားလိမ့်မည် ဟုမျှော်လင့်ရပါသည်။ ပထမနှင့် ဒုတိယလေးလပတ်တွင် အနုတ်သဘောဆောင်သည့်ကြီးထွားမှု နှစ်ကြိမ်ဆက်တိုက် ဖြစ်ပေါ်ပြီးနောက် အမေရိကန်နိုင်ငံ၏ စီးပွားရေးသည် နည်းပညာအဆိုအရ စီးပွားရေးကျဆင်းမှု ရီဆက်ရှင်သို့ ဝင်ရောက်ခဲ့ပါသည်။

မတူညီသောတရားစီရင်ပိုင်ခွင့်များတွင် ငွေကြေးဆိုင်ရာမူဝါဒများကို နယ်စပ်ဖြတ်ကျော်အခြေခံအကဲဖြတ်ရမည်ဖြစ်ကြောင်း သီအိုရီအရ အမေရိကန် အတိုးနှုန်းမြင့်မားခြင်းက အမြတ်အစွန်း ပိုမိုရရှိရန်ဆောင်ရွက်နေသော ရင်းနှီးမြုပ်နှံသူများကြောင့် ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်များထံ (အောက်သို့) ဖိအားဖန်တီးလိမ့်မည်ဖြစ်ကြောင်း အမေရိကန်ဒေါ်လာအား အားဖြည့်ခြင်းက ကမ္ဘာ့ငွေကြေးများကို အတိုးနှုန်းမြင့်တက်စေခြင်း (သို့မဟုတ်) တန်ဖိုးလျော့နည်းခြင်း ဖြစ်စေရာ ကမ္ဘာ့ငွေကြေးများ ပြုန်းတီးခြင်းကိုဖြစ်စေကြောင်း ထို့ကြောင့် ကမ္ဘာလုံးဆိုင်ရာ စတော့ဈေးကွက်သည် ဆက်လက်မြင့်တက်လာနိုင်မည်(သို့မဟုတ်) အောက်သို့ ဖိအားထုတ်လွှင့်ရန် အချိန်အနည်းငယ်ယူရမည်ဖြစ်၍(အနည်းငယ်) အချိန်ကြာလိမ့်မည်ဟု ဆိုပါသည်။

ဥရောပဗဟိုဘဏ် ECB သည် ၎င်း၏ရေရှည် subzero နှုန်းကို အခြေခံ ၇၅ ပွိုင့် တက်ခြင်းဖြင့်အဆုံးသတ်ခဲ့ခြင်းမှာ လတ်တလောအချက်အလက်များအရ ယူရိုဇုန်တွင်စီးပွားရေး တိုးတက်မှုသိသိသာသာနှေးကွေးနေကြောင်း ရုရှား-ယူကရိန်း ပဋိပက္ခနှင့်စွမ်းအင် အကျပ်အတည်းတို့သည် ထောက်ပံ့ရေးကွင်းဆက်ကို ဖိအားပေးပြီး ငွေဖောင်းပွမှုကိုဖြစ်ပေါ်စေကြောင်း ယခုအခါ ဥရောပဗဟိုဘဏ်သည် ၂၀၂၂ ခုနှစ်တွင် ပျမ်းမျှ ၈ ဒသမ ၁ ရာခိုင်နှုန်း၊ ၂၀၂၃ ခုနှစ်တွင် ၅ ဒသမ ၅ ရာခိုင်နှုန်းနှင့် ၂၀၂၄ ခုနှစ်တွင် ၂ ဒသမ ၃ ရာခိုင်နှုန်းရောက်ရှိရန် (ယခုအခါ) စီစဉ်ထားကြောင်း နှစ်ပေါင်း(၁၁)နှစ်အတွင်း စီးပွားရေးကျဆင်းမှုဖိအားနှင့် ကြုံတွေ့ရချိန် ဥရောပဗဟိုဘဏ်သည် မြင့်တက်လာသည့် ငွေကြေးဖောင်းပွမှုကိုထိန်းချုပ်ရန် ရည်ရွယ်၍ (၈-၉-၂၀၂၂) ရက်နေ့တွင် ယူရိုအခြေခံပွိုင့် ၇၅ ပွိုင့်မြှင့်တင်ခြင်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ခိုင်မာသောစီးပွားရေးဖိအားသည် ယခုနှစ်တွင် ယူရိုကိုသိသိသာသာတန်ဖိုးကျစေခဲ့ကြောင်း (၁၃-၇-၂၀၂၂)ရက်နေ့တွင် ၂၀၀၂ ခုနှစ်မှစတင်၍ ပထမဦးဆုံးအကြိမ်အဖြစ် ယူရိုနှင့် အမေရိကန်ဒေါ်လာငွေလဲနှုန်း အချိုးသည် ၁:၁ ဖြစ်ခဲ့ကြောင်း ထို့နောက် တစ်ချိန်ကတည်ငြိမ်ခဲ့သော ယူရိုငွေကြေးထပ်မံကျဆင်းသွားကြောင်း (၂၃-၉-၂၀၂၂) တွင် ဈေးကွက်တွင် အမေရိကန်တစ်ဒေါ်လာသည်ယူရို ၁.၀၃ နီးပါးရှိခဲ့ကြောင်း ဥရောပဗဟိုဘဏ်၏ အတိုးနှုန်းတိုးမြှင့်မှုသည် ဥရောပတွင်စီးပွားရေး ပြန်လည်နာလန်ထူမှုနှုန်း ကိုတည်ငြိမ်စေရန်နှင့် စီးပွားရေးပြန်လည်နာလန်ထူမှုတည်ငြိမ်စေရန်၊ အမေရိကန်ဒေါ်လာအတိုးနှုန်း မြင့်တက်မှုကို ကန့်သတ်ရန်နှင့် ဥရောပငွေကြေးဈေးကွက်များသို့ ယူရိုပမာဏများစွာကိုဆွဲဆောင်ရန် မျှော်လင့်ကြောင်း သို့သော် ဥရောပ

Agribusiness & Trade

ဗဟိုဘဏ်၏ အတိုးနှုန်းတိုးမြှင့်ခြင်းသည် sovereign debt crisis SDC ကိုဖြစ်စေရာ ဥရောပဗဟိုဘဏ်က တုန့်ပြန်နိုင်ရန် အဆင်သင့်ဖြစ်ရန်လိုအပ်ကြောင်းထောက်ပြကြသည်။

တရုတ် ငွေကြေးရန်မင်ဘီနှင့် အမေရိကန်ဒေါ်လာသည် ငွေလဲနှုန်းအချိုးသည် ၇ အချိုး ၁ ဖြစ်ချိန်တွင် တရုတ်နိုင်ငံ၏တုံ့ပြန်ချက်မှာ ၂၀၂၀ ခုနှစ်မှစ၍ ပထမဆုံးအကြိမ်အဖြစ် တရုတ်ငွေကြေးယွမ်သည် အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ၇ ဒသမ ၂ အထိ (၂၈-၉-၂၂) ရက်နေ့တွင် ရောက်ရှိသွားပြီးနောက် ယင်းသည်လည်း ကမ္ဘာလုံးဆိုင်ရာ ခေါင်းကြီးပိုင်းတွင်နေရာယူထားကြောင်း အစကပင် ယွမ်ငွေသည် ၁၀ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ယခုနှစ်တွင် အမေရိကန်ဒေါ်လာနှင့် နှိုင်းယှဉ်ပါက တန်ဖိုးကျနှုန်း အရှိန်မြှင့်တက်လာကြောင်း ကျဆင်းမှုသည် တရုတ်၏စီးပွားရေးနှေးကွေးမှုကို ထင်ဟပ်စေပြီး အမေရိကန်နှင့် ဥရောပတွင် အတိုးနှုန်းမြှင့်တက်မှုကို တုံ့ပြန်ကြောင်းဆိုပါသည်။

တရုတ်နိုင်ငံတွင် ပိုမိုပြောင်းလွယ်ပြင်လွယ်ရှိသော ယွမ်ငွေလဲလှယ်နှုန်းဖြစ်စေရန် နိုင်ငံခြားငွေလဲလှယ်ရေး အပ်နှံမှုများကိုကန့်သတ်ရန်နှင့် အကောင်းဆုံး နိုင်ငံခြားငွေကြေးမှီပုံစံဖြစ်ရန် ပြီးခဲ့သည့်နှစ် ၂၀၂၁ ခုနှစ်မှစတင်၍ ချို့ယွင်းလိုအပ်ချက်များကို ဖြေရှင်းရန်တရုတ်နိုင်ငံ ငွေကြေးစည်းမျဉ်းစည်းကမ်း ရေးဆွဲသူများက အစီအမံများကို ပြုလုပ်ခဲ့ကြသည်။ တရုတ်ပြည်သူ့ဘဏ် (PBOC) သည် ၎င်း၏ နိုင်ငံခြားငွေလဲလှယ်သော အပ်ငွေများအပေါ် ဘဏ်များကိုင်ထားရန် လိုအပ်သော အရန်ငွေပမာဏကို လျှော့ချခဲ့ပြီး ယွမ်ငွေအားနည်းကျဆင်းမှုကို နှေးကွေးစေရန် နိုင်ငံခြားငွေထောက်ပံ့မှု တိုးမြှင့်နေရာ ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၉ ဘီလီယံ ဝန်းကျင်ခန့်ရှိကြောင်း သိရှိရပါသည်။

ကမ္ဘာလုံးဆိုင်ရာရှုထောင့်မှကြည့်လျှင် ရမ်မန်ဘီသည်ခိုင်မာသော ငွေကြေးဖြစ်ကြောင်း ငွေလဲနှုန်းသည် စံချိန်တင်နိမ့်ကျနေစဉ်တွင်ပင် ယွမ်သည် ကုန်သွယ်မှုနှင့် နှိုင်းချိန်ထားသော ငွေကြေးတောင်းများ trade-weighted basket of currencies ကို ဆန့်ကျင်၍ အတော်ပင်ကောင်းမွန်စွာထိန်းထားခဲ့ကြောင်း လေ့လာသုံးသပ်သူများအရ မကြာသေးမီက ငွေတန်ဖိုးကျဆင်းသည် အမေရိကန်နှင့်ယူရိုဇုန်တွင် ငွေကြေးတင်းကျပ်မှု၏ အကျိုးသက်ရောက်မှုကြောင့် ရောင်ပြန်ဟပ်ခြင်း ဖြစ်ပါကြောင်း ရေရှည်တန်ဖိုးကျဆင်းမည့်အကြောင်းအရာများ (သို့မဟုတ်) ကျယ်ပြန့်သော အားနည်းချက်များစသည့် အခြေခံအားနည်းချက်များ ယွမ်တွင် မရှိပါကြောင်း ယခုအချိန်အထိ PBOC သည် နိုင်ငံခြားငွေလဲလှယ်ရေးဈေးကွက်တွင် တိုက်ရိုက်ဝင်ရောက်ခြင်းနှင့် ဈေးကွက်တလျှောက် နေ့စဉ်ပြုပြင်မှုများ ခွင့်ပြုခြင်းများ မရှိခဲ့ပါကြောင်း ယင်းကြောင့် သက်ဆိုင်ရာအရာရှိများသည် ဤတန်ဖိုးကျဆင်းမှုကို စိုးရိမ်ပူပန်မှုများ မရှိဟုဆိုပါသည်။

Agribusiness & Trade

သို့ရာတွင် တိုတောင်းသောကာလ၌တန်ဖိုးကျဆင်းမှုသည် တရုတ်ကုမ္ပဏီများကို ထိခိုက်စေကြောင်း အထူးသဖြင့်အကြီးစားစက်မှုလုပ်ငန်းနှင့် အိမ်ခြံမြေများရှိ ကြွေးမြီအမြောက်အများပေါ်တွင် ထိခိုက်စေလိမ့်မည်ဖြစ်ကြောင်း ဒေါ်လာဖြင့် သတ်မှတ်ထားသော အကြွေးအများအပြားယူပြီး၍ဖြစ်ကြောင်း တန်ဖိုးကျခြင်း Devaluation ဆိုသည်မှာ တင်ရှိသောအကြွေးသည် ပိုမိုဈေးကြီးလာခြင်းဖြစ်၍ တရုတ်စတော့ ဈေးနှုန်းများကို ပိုမိုအရောင်းထိုင်းစေကြောင်း ထို့အပြင် စီးပွားရေးပညာရှင်များသည် ဒေါ်လာဈေး / ယူရိုနှုန်းများထိုသို့ဖြစ်ခြင်းကြောင့် တရုတ်နိုင်ငံမှ အရင်းအနှီးများ ထွက်ခွာသွားစေနိုင်၍ ပူပန်ကြောင်းကို ထုတ်ဖော်ပြောကြားခဲ့ကြောင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများက ယွမ် ၉၀ ဘီလျံ (အမေရိကန် ဒေါ်လာ ၁၃.၃ ဘီလီယံ) ကို ဇွန်လတွင် ပေးအပ်ခဲ့ပြီးဖြစ်ကြောင်းကို PBOC မှ အချက်အလက်များအရပြသခဲ့ကြောင်း အပြုသဘောဆောင်သောအမြင်အရ နိုင်ငံတကာဝယ်ယူသူများ၏ ရှုထောင့်မှကြည့်ပါက ယွမ်ငွေကြေးကျဆင်းမှုသည် တရုတ်နိုင်ငံ၏ထုတ်ကုန်များသည် ဈေးပိုမိုသက်သာစေ၍ တရုတ်နိုင်ငံတွင် စီးပွားရေးတိုးတက်မှု ပိုမိုစေမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ၏ သေချာခိုင်မာသော တင်ပို့မှုသည် နယ်စပ်ဖြတ်ကျော် စီးဆင်းမှုကိုတည်ငြိမ်စေ၍ အခြေခံကျသော အဓိကအခန်းကဏ္ဍမှ ဆက်လက်ပါဝင်နေပြီး ပြည်တွင်းစီးပွားရေး နှေးကွေးချိန်တွင် အရေးပါသော ရင်းမြစ်တစ်ခုအဖြစ် ဖြစ်နေစေကြောင်း သို့သော်လည်း ပြည်ပတင်ပို့မှုသည် ယွမ်၏အားနည်းချက်ဖြင့် (သို့မဟုတ်) ခွန်အားဖြင့် မောင်းနှင်ခြင်းဖြင့် မဟုတ်ဘဲ ဝယ်လိုအားဖြင့်(ပိုမို) မောင်းနှင်ခြင်းဖြစ်ပါကြောင်း ငွေကြေးဖောင်းပွမှုမြင့်မားမှုနှင့် ရင်ဆိုင်နေရသည်နှင့်အမျှ ကမ္ဘာလုံးဆိုင်ရာ ဝယ်ယူမှုစွမ်းအားသည်လည်း ကျဆင်းနေပြီး တရုတ်နိုင်ငံပစ္စည်းများအတွက် ဝယ်လိုအားကျဆင်းခြင်းဖြစ်စေပါကြောင်း ၂၀၂၂ ခုနှစ် တရုတ်နိုင်ငံ၏ပြည်ပတင်ပို့မှု ဇူလိုင်လတွင် ၁၈ ဒသမသ သုညရာခိုင်နှုန်း ရရှိခဲ့ရာမှ ၇ ဒသမ ၁ ရာခိုင်နှုန်းဖြင့် ဩဂုတ်လတွင် အပြင်းအထန် နှေးကွေးခဲ့ပါကြောင်း ယခုကဲ့သို့ ကျဆင်းမှုကိုရင်ဆိုင်နေရသော တရုတ်အစိုးရသည် ဒေသတွင်းစီးပွားရေးကို ဘဏ္ဍာရေးအစီအမံများနှင့် လှုံ့ဆော်ပေးနိုင်လိမ့်မည်ဟု ဖော်ပြထားပါသည်။

မကြာသေးမီက တရုတ်နိုင်ငံ၏ စီးပွားရေးစွမ်းဆောင်ရည်နှင့် မူဝါဒများနှင့်ပတ်သက်၍ တရုတ်၏စီးပွားရေးသည် အမျိုးမျိုးသော စီးပွားရေးစိန်ခေါ်မှုများနှင့် ထိမိလဲပြိုနေပြီဖြစ်ကြောင်း ဒုတိယလေးလပတ်တွင် ဂျီဒီပီတိုးတက်မှုနှုန်း သုညဒသမ ၄ ဖြင့် စံချိန်တင်နိမ့်ကျနေစဉ်တွင် အချက်အလက်များအရ တရုတ်၏စီးပွားရေးသည် ဩဂုတ်လတွင် တရုတ်၏စီးပွားရေးသည် အံ့ဩစရာကောင်းလောက်အောင် ခံနိုင်ရည်ရှိကြောင်းပြသခဲ့ပါကြောင်း တရားဝင်အချက်အလက်များအရ လက်လီရောင်းချမှုမှာ ဩဂုတ်လတွင် တစ်နှစ်ထက်တစ်နှစ် ၅ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ဇူလိုင်လထက် ၂ ဒသမ ၇ ရာခိုင်နှုန်းမြင့်မားခဲ့ပါကြောင်း စက်မှုဆိုင်ရာကုန်ထုတ်

Agribusiness & Trade

လုပ်မှုသည် ဇူလိုင်လထက် သုညဒသမ ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် ၄ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်လာကြောင်းနှင့် ပုံသေပိုင်ဆိုင်မှုရင်းနှီးမြှုပ်နှံမှု တစ်နှစ်ထက်တစ်နှစ် ၅ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း အဓိကညွှန်းကိန်းများသည် မျှော်လင့်ထားသည်ထက် ပိုမိုကောင်းမွန်ခဲ့ကြောင်း ဆိုပါသည်။

ယခုနှစ်တွင် ဖက်ဒရယ် FED သည်ငွေကြေးဖောင်းပွမှုကို ဆက်လက်ထိန်းထားပြီး အတိုးနှုန်းများကို ဆက်ထိန်းထားစဉ် တရုတ်အာဏာပိုင်များက စီးပွားရေးကျဆင်းမှုကိုအဓိက ဦးစားပေးအဖြစ် တွန်းလှန်ရန်နှင့် အဓိကအားဖြင့် စီးပွားရေးကိုလှုံ့ဆော်ပေးရန်အတွက် အတိုးနှုန်းကိုဖြတ်တောက်ခဲ့ကြကြောင်း စူပါပါဝါနှစ်ဦး၏ ငွေကြေးဆိုင်ရာမူဝါဒများလည်း ပိုမိုခြားနားမှုများပြားလာကြကြောင်း တရုတ်၏ ငွေကြေးမူဝါဒမူဝါဒသည် လက်ရှိကမ္ဘာ့အနှံ့ ပြောင်းလဲမှုများအားတုံ့ပြန်ချိန် ၎င်း၏တည်ငြိမ်မှုကို ထိန်းသိမ်းထားနိုင်လိမ့်မည်ဖြစ်ကြောင်း ဈေးကွက်တွင်ငွေဖြစ်လွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုအလုံအလောက်မြှင့်တင်ရန် တရုတ်နိုင်ငံသည် ပိုမိုစိတ်အေးလက်အေးရှိသော ဘဏ္ဍာရေးဝန်းကျင် လိုအပ်ကြောင်း ၎င်း၏ငွေကြေးပေါ်လစီပြောင်းလဲခြင်းသည် တရုတ်၏စီးပွားရေးကို လက်ရှိတည်ငြိမ်မှုကို အားနည်းစေလိမ့်ဖြစ်ကြောင်း သုံးသပ်တင်ပြထားပါသည်။

ရင်းနှီးမြှုပ်နှံသူများအတွက် အကျိုးသက်ရောက်မှုအနေဖြင့် အဓိကဗဟိုဘဏ်အေဂျင်စီများ (FED, ECB နှင့် PBOC) ၏ ဆန်းစစ်ခြင်းများနှင့် ထုတ်ပြန်ချက်များအပေါ် အခြေခံ၍ မတည်ငြိမ်မှုသည်နှစ်ကုန်အထိ မြင့်တက်နေလိမ့်မည်ဖြစ်ကြောင်း FED နှင့် ECB နှစ်ခုစလုံးသည် မဝေးတော့သောအနာဂတ်တွင် ပိုမိုအတိုးနှုန်းများ မြှင့်တင်ပေးလိမ့်မည်ဟုလည်းဖော်ပြခဲ့ကြကြောင်း ရင်းနှီးမြှုပ်နှံသူများက အလိုက်သင့် ကိုက်ညှိသင့်ကြောင့် စိတ်ရှည်သောရေရှည်ရင်းနှီးမြှုပ်နှံသူများအတွက် ပြီးခဲ့သည့်အပတ် မကြာသေးမီက ဈေးနှုန်းကျဆင်းမှုပေးမှာ အခွင့်အလမ်းတစ်ခု ဖြစ်လိမ့်မည်ဖြစ်ကြောင်း သို့ရာတွင်ရေတိုဈေးကွက် လျော့နည်းမှုအတွက် အထိမခံနိုင်သော ရင်းနှီးမြှုပ်နှံသူများအတွင်မှု စွန့်စားသင့်သည့်အချိန်ဖြစ်ကြောင်း (စီးပွားရေးကျဆင်းမှုကိုကိုင်တွယ်ရန်စီးပွားရေး မဟာဗျူဟာများကိုလည်းစာရင်းပြုစုထား) ကြောင်း ဖော်ပြထားပါသည်။

ရင်းမြစ် –[Analyzing Interest Rate Hikes in the US and Eurozone, RMB Depreciation (china-briefing.com)]

ဒေါက်တာဝေရီလင်း၊ စီးပွားရေးသံမှူး

ကူမင်း

Agribusiness & Trade

## စွမ်းအင်ကဏ္ဍ အကျပ်အတည်းနှင့် ပလပ်စတစ်ထုတ်လုပ်မှုလျော့ချရေး (ဂျာမနီ)

တစ်ခါသုံးပလပ်စတစ်ထုပ်ပိုးရေးဆိုင်ရာ ထုတ်လုပ်မှုလုပ်ငန်းများသည် ရေနံသဘာဝဓါတ်ငွေ့များရရှိမှုပေါ် မှီတည်နေခြင်းကြောင့် ထုတ်လုပ်မှုလျော့ချခြင်းမှ စွမ်းအင်အကျပ်အတည်းကို တစ်နည်းတစ်ဖုံ ဖြေရှင်းနိုင်မှုအတွက် လေ့လာဆန်းစစ်မှုများ ပြုလုပ်လာကြပါသည်။ **Global break free from plastic movement** နှင့် **Non-government Center for International Environmental Law (CIEL)** တို့၏ လေ့လာဆန်းစစ်မှုများအရ ဥရောပဒေသတွင် ပလပ်စတစ်ထုတ်လုပ်မှုသည် ၁၉၅၀ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း တန်ချိန် (၀.၃၅) သန်းမှ (၅၅) သန်းအထိ တိုးတက်လာခဲ့ပြီး ထုတ်ပိုးလုပ်ငန်းများအတွက် အများဆုံးဖြစ်ခဲ့ပါသည်။ အီးယူဒေသတွင်လည်း ပလပ်စတစ်သည် ရေနံဓာတုစက်မှုလုပ်ငန်း၏ ကြီးမားသောဈေးကွက် တစ်ခုဖြစ်ပါသည်။ ထို့အပြင် ၂၀၂၀ ခုနှစ်အတွင်း အီးယူဒေသတွင် ဓါတ်ငွေ့သုံးစွဲမှု၏ ၁၅ ရာခိုင်နှုန်းနီးပါးနှင့် ရေနံသုံးစွဲမှု၏ ၁၄ ရာခိုင်နှုန်းနီးပါးတို့သည် ရေနံဓာတုပစ္စည်းများ ပြုလုပ်ရန်သုံးစွဲခဲ့ကြပြီး အများစုမှာ ပလပ်စတစ်ထုတ်လုပ်ရန်ဖြစ်ကြောင်းလည်း တွေ့ရှိရပါသည်။

အီးယူအဖွဲ့ဝင်နိုင်ငံများအနက် ဘယ်လ်ဂျီယံ၊ ဂျာမနီ၊ စပိန်၊ ပြင်သစ်၊ အီတလီ၊ နယ်သာလန်နှင့် ပိုလန်နိုင်ငံတို့သည် ပလပ်စတစ်ထုတ်လုပ်ရန်အတွက် ရေနံနှင့်ဓါတ်ငွေ့အများဆုံးအသုံးပြုကြပြီး အီးယူဒေသ ပလပ်စတစ်ထုပ်ပိုးပစ္စည်းစွန့်ပစ်မှုများ၏ (၇၇) ရာခိုင်နှုန်းမှာ အဆိုပါနိုင်ငံများမှ ဖြစ်နေပါသည်။ လေ့လာတွေ့ရှိမှုအစီရင်ခံစာများတွင် အိမ်ထောင်စုများတွင် စွမ်းအင်သုံးစွဲမှုဘီလ်များ မြင့်တက်လာနေချိန်တွင် ရေနံဓာတုစက်မှုလုပ်ငန်းများသည် တစ်ခါသုံးပလပ်စတစ်ထုတ်လုပ်မှုများအတွက် လောင်စာစွမ်းအင်များကို သုံးစွဲနေခြင်းသည် အီးယူဒေသ၏စွမ်းအင်အကြပ်အတည်းဖြစ်ပေါ်နေမှုကို ပိုမိုတိုးပွားစေခြင်းသာဖြစ်ကြောင်း၊ ရေနံဓာတုစက်မှုလုပ်ငန်းစက်ရုံများဆောက်လုပ်ခြင်း ရပ်တန့်ရန်နှင့် ပလပ်စတစ်ထုပ်ပိုးမှုများလျော့ချရန်တို့ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အနည်းဆုံး ဆောင်းရာသီအတွင်း ပလပ်စတစ်စက်ရုံများ လည်ပတ်မှုရပ်နားထားသင့်ကြောင်းတို့ကို ဝေဖန်ဖော်ပြလာကြပါသည်။ အီးယူကော်မရှင်အနေဖြင့် ပလပ်စတစ်ထုတ်လုပ်မှုလျော့ချရေးအစီအစဉ်များကို မဟာဗျူဟာများချမှတ်၍ ဆောင်ရွက်နေသော်လည်း လုပ်ဆောင်ရမည့်အဆင့်များ ကျန်ရှိနေဆဲဖြစ်ကြောင်း သိရှိရပါသည်။

Source:https://www.dw.com/en/russia-gas-crisis-single-use-plastic-packaging-industry-consumer-winter-heating/a-63250228

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး
ဘာလင်

## အီးယူ၏ စွမ်းအင်ကဏ္ဍအစီအစဉ်များနှင့် အရှေ့တောင်အာရှနိုင်ငံများအပေါ် သက်ရောက်မှု

အီးယူဒေသတွင် ကြုံတွေ့နေရသည့် စွမ်းအင်အကျပ်အတည်းများက အရှေ့တောင်အာရှနိုင်ငံများ၏ liquefied natural gas (LNG) နှင့် ဓါတ်ငွေ့များအပေါ် ဝယ်လိုအားတိုးတက်မှုများ ဖြစ်ပေါ်နေပြီး ကမ္ဘာ့ဈေးနှုန်းများကိုလည်း မြင့်တက်လာစေပါသည်။ ၂၀၂၂ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလများမှစ၍ အီးယူက ရုရှားနိုင်ငံမှ ကျောက်မီးသွေးတင်သွင်းမှုပိတ်ပင်ခဲ့ခြင်းနှင့် ရုရှားနိုင်ငံက အီးယူအချို့နိုင်ငံများသို့ ဓါတ်ငွေ့တင်ပို့မှု ရပ်ဆိုင်းခဲ့ပြီးနောက်ပိုင်း ဥရောပနိုင်ငံများသည် အရှေ့တောင်အာရှနိုင်ငံများရှိ ကျောက်မီးသွေးနှင့် LNG ထုတ်လုပ်သူများထံ ဦးလှည့်လာနေကြကာ ကျောက်မီးသွေးအများဆုံးတင်ပို့သည့် အင်ဒိုနီးရှားနိုင်ငံထံမှ ဝယ်ယူရရှိရေး ကြိုးပမ်းလာကြပါသည်။

အင်ဒိုနီးရှားနိုင်ငံ ကျောက်မီးသွေးကုမ္ပဏီ PT Adaro Energy က ယခုနှစ် ဧပြီလ အစောပိုင်းက နယ်သာလန်နှင့် စပိန်နိုင်ငံတို့သို့ ကျောက်မီးသွေးတန်ချိန်(၃၀၀၀၀၀)ရောင်းချခဲ့ပြီး ပိုလန်နိုင်ငံကလည်း အင်ဒိုနီးရှားနိုင်ငံမှ ကျောက်မီးသွေးတန်ချိန် (၅၃၂၃၀) အော်ဒါမှာယူခဲ့ပါသည်။ အင်ဒိုနီးရှားနိုင်ငံ၏ Coal Mining Association ဥက္ကဋ္ဌဖြစ်သူ Mr.Pandu Sjahrir က အင်ဒိုနီးရှားကျောက်မီးသွေး ဝယ်လိုအားတိုးတက်လာနေကြောင်း၊ ဂျာမနီနိုင်ငံဘက်က စုံစမ်းမေးမြန်းလာမှုများရှိနေကြောင်း၊ လာမည့်နှစ်အတွင်း ဂျာမနီနိုင်ငံသည် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံပြီးလျှင် အင်ဒိုနီးရှားနိုင်ငံ၏ တတိယမြောက် ကျောက်မီးသွေးအများဆုံး တင်သွင်းသူဖြစ်လာနိုင်ကြောင်း ထုတ်ဖော်ပြောကြားပါသည်။ အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံပိုင် ကျောက်မီးသွေးလုပ်ငန်းဖြစ်သည့် PT Bukit Asam သည် ယခုနှစ်အတွင်း အီတလီနိုင်ငံသို့ ကျောက်မီးသွေးတန်ချိန် (၁၄၇၀၀၀) တင်ပို့ခဲ့ပြီး ဂျာမနီနှင့် ပိုလန်နိုင်ငံတို့နှင့် ဆွေးနွေးမှုများပြုလုပ်လျှက်ရှိပါသည်။ အီးယူ စွမ်းအင်ကော်မရှင်နာဖြစ်သူ Mr.Kadri Simson သည် စက်တင်ဘာလအစောပိုင်းက အင်ဒိုနီးရှားနိုင်ငံတွင် G20 အစည်းအဝေးတက်ရောက်စဉ် ကျောက်မီးသွေးတွင်းများသို့ သွားရောက်လေ့လာခဲ့ပါသည်။ အင်ဒိုနီးရှားနိုင်ငံ ကျောက်မီးသွေးဈေးနှုန်းများသည် ဩဂုတ်လတွင် အမေရိကန်ဒေါ်လာ (၃၂၁.၅၉)နှင့် စက်တင်ဘာလတွင် အမေရိကန်ဒေါ်လာ (၃၁၉.၂၂)တွင် ရှိနေကြောင်း သိရှိရပါသည်။

လေ့လာကျွမ်းကျင်သူများက ဥရောပဒေသအနေဖြင့် ယခုနှစ်ကုန်ပိုင်းနှင့် ၂၀၂၃ နှစ်အတွင်း လောင်စာစွမ်းအင် တင်သွင်းမှုအများအပြားပြုလုပ်နိုင်ပြီး ဈေးနှုန်းများလည်း မြင့်တက်လာနိုင်ကြောင်း သုံးသပ်နေကြပါသည်။ မလေးရှားနိုင်ငံသည် ကမ္ဘာတွင် ပဥ္စမမြောက် LNG တင်ပို့မှု အများဆုံးနိုင်ငံဖြစ်ပြီး ဥရောပဒေသသို့ တင်ပို့မှုတိုးမြင့်လာမည့်အလားအလာများ ရှိနေပါသည်။

အီးယူကော်မရှင် ဥက္ကဋ္ဌ Ms.Ursula von der Leyen က အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများအတွက် လျှပ်စစ်ဓါတ်အားဈေးနှုန်းများ အဆမတန်မြင့်တက်မှုကို တွေ့ကြုံလာရကြောင်း၊ သို့သော်လည်း မူလအီးယူ၏ရေရှည် green energy plans ကို သက်ရောက်မှုရှိစေမည်မဟုတ်ကြောင်း၊ အခြားနိုင်ငံများ၏ green energy အစီအစဉ်ကူးပြောင်းမှုများကိုလည်း ပြောင်းလဲစေနိုင်မည်မဟုတ်ကြောင်း ပြောကြားပါသည်။ အီးယူအနေဖြင့် စွမ်းအင်အကျပ်အတည်းဖြစ်နေသည့်ကာလအတွင်း၌သာ တူးဖော်ရရှိသည့်အရင်းအမြစ်များမှ စွမ်းအင်ထုတ်ယူသုံးစွဲမှုကို ပြုလုပ်လိုပြီး ရေရှည်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များသုံးစွဲခြင်းဖြင့် လေထုညစ်ညမ်းမှုမရှိသည့် ဝန်းကျင်တစ်ခုကို တည်ဆောက်ရန်အစီအစဉ်ရှိပါသည်။ တစ်ဖက်တွင်လည်း European Investment Bank အနေဖြင့် အာရှ-ပစိဖိတ်ဒေသတွင် green energy နှင့် ရေရှည်တည်တံ့ ခိုင်မြဲမှုဆိုင်ရာ အစီအစဉ်များအတွက် ပံ့ပိုးရန် စီစဉ်ဆောင်ရွက်နေလျှက်ရှိကြောင်း သိရှိရပါသည်။

Source:https://www.dw.com/en/how-the-eus-new-energy-plans-impact-southeast-asia/a-63256213Date

သီတာဝင်းငွေ၊ စီးပွားရေးသံမှူး

ဘာလင်

……………………………………………………………………

## ဂျာမနီနှင့် စပိန်နိုင်ငံတို့အကြား စွမ်းအင်ကဏ္ဍဆိုင်ရာ ဆွေးနွေးခြင်း

ဂျာမနီနိုင်ငံဝန်ကြီးချုပ် **Mr.Olaf Scholz** နှင့် စပိန်နိုင်ငံဝန်ကြီးချုပ် **Mr.Pedro Sanchez** တို့သည် ၅.၁၀.၂၀၂၂ ရက်နေ့က စပိန်နိုင်ငံတွင် တွေ့ဆုံ၍ ဓါတ်ငွေ့ပိုက်လိုင်းစီမံကိန်းတစ်ခုကို စတင်နိုင်ရန် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြပါသည်။ အဆိုပါပိုက်လိုင်းကို ပြင်သစ်နိုင်ငံ **Pyrenees** တောင်တန်းဒေသအနီးဖြတ်သန်း၍ ဆောင်ရွက်ရန်လိုအပ်ပြီး ၂၀၂၅ ခုနှစ်တွင် စတင်လည်ပတ်နိုင်ရန်ဖြစ်ကြောင်း၊ ဒေသတွင်း စွမ်းအင်ဈေးကွက်ခိုင်မာမှုကိုရရှိနိုင်ပြီး အီးယူ၏ အစိမ်းရောင်စွမ်းအင်ကဏ္ဍ ကူးပြောင်းရေးမဟာဗျူဟာများကို တိုးမြှင့်ပေးနိုင်မည်ဖြစ်ကြောင်း နှစ်နိုင်ငံပူးတွဲကြေငြာချက်ထုတ်ပြန်ခဲ့ပါသည်။ **Mr.Olaf Scholz** နှင့်အတူ ဂျာမန်နိုင်ငံခြားရေးဝန်ကြီး **Ms.Annalena Baerbock** ၊ စီးပွားရေးရာဝန်ကြီး **Mr.Robert Habeck** နှင့် ဘဏ္ဍာရေးဝန်ကြီး **Mr. Christian Lindner** တို့လည်း လိုက်ပါခဲ့ကြပါသည်။

အဆိုပါဆွေးနွေးသဘောတူညီမှုများအပေါ် ပြင်သစ်နိုင်ငံအစိုးရအနေဖြင့် Pyrenees တောင်တန်းဒေသရှိ MidCat **ဓါတ်ငွေ့ပိုက်လိုင်း**စီမံကိန်းသည် ယခင် ၂၀၁၃ ခုနှစ်တွင် စတင်ခဲ့ပြီး ၂၀၁၉

ခုနှစ် နှစ်လယ်ပိုင်းတွင် ပတ်ဝန်းကျင်ဆိုင်ရာအရေးကိစ္စများနှင့် ဘဏ္ဍာရေးပိုင်းဆိုင်ရာ အကျိုးအမြတ်နည်းပါးမှုတို့ကြောင့် ရပ်နားခြင်းရှိခဲ့ခြင်းကြောင့် ပြန်လည်စတင်ရန် စိတ်အားထက်သန်မှုမရှိကြောင်း ပြောကြားမှုရှိလာပါသည်။ ဂျာမနီနှင့် စပိန်နိုင်ငံအနေဖြင့်မူ အဆိုပါပိုက်လိုင်းစီမံကိန်းပြန်လည် စတင်နိုင်ခြင်းဖြင့် အီးယူဒေသစွမ်းအင်အကြပ်အတည်းကို ဖြေရှင်းနိုင်ပြီး သဘာဝဓါတ်ငွေ့အပြင် ပြန်လည်ပြည့်ဖြိုးမြဲဓါတ်ငွေ့များကိုလည်း ထုတ်လုပ်ရန်စီစဉ်ဆောင်ရွက်နိုင်ပြီး အနာဂတ်စွမ်းအင်ကဏ္ဍ ရည်မှန်းချက်များကိုလည်း ရောက်ရှိစေနိုင်မည်ဖြစ်ကြောင်း မျှော်လင့်ချက်ထားရှိကြပါသည်။

Source:https://www.dw.com/en/germany-spain-summit-pyrenees-pipeline-project-is-of-paramount-importance/a-63345785

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး
ဘာလင်

………………………………………………………………………..

## အီးယူဒေသ စက်သုံးဆီ ဈေးနှုန်းများ

ဥရောပကော်မရှင်က အပတ်စဉ်ထုတ်ပြန်သော ၃.၁၀.၂၀၂၂ ရက်နေ့ရှိ အီးယူ(၂၇)နိုင်ငံရှိ Eurosuper 95 နှင့် ဒီဇယ်ဆီတို့၏ တစ်လီတာ စက်သုံးဆီဈေးနှုန်းများ (အခွန်ပေးဆောင်မှုအပါအဝင်)မှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ယခင်လဈေးနှုန်းများနှင့် နှိုင်းယှဉ်လျှင် ပျမ်းမျှအားဖြင့် ဂျာမနီနိုင်ငံအပါအဝင် အီးယူအဖွဲ့ဝင်နိုင်ငံများတွင် Eurosuper 95 နှင့် ဒီဇယ်ဆီဈေးနှုန်းများမှာ အနည်းငယ်ကျဆင်းလာကြောင်း တွေ့ရှိရပါသည်-

**gas prices**

| | Eurosuper 95 | |
|---|---|---|
| EU – State | Euro per liter as of September 5, 2022 | Euro per liter, as of October 3rd, 2022 |
| Hungary | 1.29 | 1.20 |
| Malta | 1.34 | 1.34 |
| Poland | 1.38 | 1.33 |

| | | |
|---|---|---|
| Bulgaria | 1.54 | 1.45 |
| Croatia | 1.53 | 1.44 |
| Slovenia | 1.52 | 1.37 |
| Romania | 1.64 | 1.46 |
| Luxembourg | 1.61 | 1.68 |
| Cyprus | 1.55 | 1.45 |
| Germany | 2.07 | 1.94 |
| Czech Republic | 1.64 | 1.56 |
| Slovakia | 1.73 | 1.64 |
| Lithuania | 1.73 | 1.65 |
| France | 1.62 | 1.57 |
| Belgium | 1.69 | 1.69 |
| Italy | 1.75 | 1.63 |
| Latvia | 1.79 | 1.71 |
| Portugal | 1.72 | 1.70 |
| Spain | 1.78 | 1.68 |
| Estonia | 1.90 | 1.80 |
| Austria | 1.74 | 1.72 |
| Ireland | 1.85 | 1.73 |
| Sweden | 1.79 | 2.01 |
| Netherlands | 2.01 | 1.94 |
| Greece | 2.00 | 1.98 |
| Finland | 2.08 | 1.99 |
| Denmark | 2.04 | 2.03 |

Agribusiness & Trade

## Diesel prices

| | diesel fuel | |
|---|---|---|
| EU State | Euro per liter as of September 5, 2022 | Euro per liter, as of October 3rd, 2022 |
| Malta | 1.21 | 1.21 |
| Hungary | 1.66 | 1.51 |
| Poland | 1.61 | 1.51 |
| Bulgaria | 1.67 | 1.60 |
| Slovenia | 1.73 | 1.71 |
| Romania | 1.83 | 1.70 |
| Luxembourg | 1.83 | 1.84 |
| Lithuania | 1.84 | 1.76 |
| Portugal | 1.83 | 1.75 |
| Czech Republic | 1.85 | 1.75 |
| Italy | 1.84 | 1.74 |
| Latvia | 1.84 | 1.76 |
| Croatia | 1.79 | 1.77 |
| Slovakia | 1.82 | 1.76 |
| France | 1.78 | 1.70 |
| Spain | 1.92 | 1.81 |
| Greece | 1.94 | 1.90 |
| Cyprus | 1.82 | 1.80 |
| Estonia | 1.90 | 1.80 |
| Germany | 2.16 | 2.02 |
| Belgium | 2.02 | 1.91 |
| Austria | 1.90 | 1.96 |
| Ireland | 1.96 | 1.85 |

Agribusiness & Trade

| | | |
|---|---|---|
| Netherlands | 2.05 | 1.95 |
| Denmark | 2.07 | 1.99 |
| Finland | 2.15 | 2.07 |
| Sweden | 2.30 | 2.33 |


Source: https://www.destatis.de/Europa/DE/Thema/Verkehr/kraftstoffpreise.htm

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

## ဂျာမနီနိုင်ငံတွင် ခရီးသွားလာမှုများပြန်လည်မြင့်တက်လာခြင်း

ဂျာမနီနိုင်ငံတွင် ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် ပြည်တွင်းနှင့်ပြည်ပခရီးသွားဧည့်သည် အရေအတွက်သည် ဟိုတယ်၊ ဧည့်ရိပ်သာစသည်တို့တွင် တည်းခိုမှုစာရင်းများမှ ကောက်ခံရရှိမှုအချက်အလက်များအရ (၅၈.၂) သန်းရှိခဲ့ကြောင်း Federal Statistical Office (Destatis) က ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ စာရင်းသည် ၂၀၂၁ ခုနှစ်ကာလတူထက် ၄ ရာခိုင်နှုန်းနှင့် ၂၀၁၉ ခုနှစ် ကာလတူထက် ၀.၆ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ မဖြစ်ပွားမီကာလကထက် ပိုမိုများပြားခဲ့ကြောင်းလည်း သိရှိရပါသည်။ ကပ်ရောဂါ မဖြစ်ပွားမီကာလ ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် (၅၇.၈) သန်းရှိခဲ့ရာမှ ၂၀၂၀ ခုနှစ်တွင် (၄၉.၅) သန်းသို့ကျဆင်းမှုရှိခဲ့ပြီး ယခုအခါ ပြန်လည်မြင့်တက်လာခြင်း ဖြစ်ပါသည်။




Source:https://www.destatis.de/EN/Press/2022/10/PE22_429_45412.html;jsessionid=0C004654B327465CB54E5122023A20D7.live731

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး

ဘာလင်

## အီးယူက အင်ဒိုနီးရှားနိုင်ငံနှင့် ကုန်သွယ်မှုနှင့်သံတမန်ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်လာခြင်း

အီးယူနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် သံတမန်ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိနေပါသည်။ အင်ဒိုနီးရှားနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံများအနက် အီးယူ၏ ပဉ္စမမြောက်အကြီးဆုံးကုန်သွယ်ဖက်နိုင်ငံတစ်ခုဖြစ်ပြီး ၂၀၂၁ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုမှာ ယူရို (၂၅.၂၉) ဘီလီယံရှိခဲ့ရာ ၂၀၂၀ ပြည့်နှစ်ထက် ၂၀ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့ပါသည်။ သို့သော် ဗီယက်နမ်နိုင်ငံနှင့် ကုန်သွယ်မှု၏ ထက်ဝက်ကျော်တွင်သာ ရောက်ရှိနေပါသည်။ အီးယူနိုင်ငံခြားရေး မူဝါဒဆိုင်ရာအကြီးအကဲ Mr.Josep Borrell သည် ၂၀၂၁ ခုနှစ် ဇူလိုင်လအတွင်း အင်ဒိုနီးရှားနိုင်ငံသို့ စတင်လည်ပတ်ခဲ့ပြီးနောက် ယခုနှစ် အင်ဒိုနီးရှားနိုင်ငံက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက် ကျင်းပပြုလုပ်သည့် G20 အစည်းအဝေးသို့လည်း ထပ်မံလာရောက်ခဲ့ပါသည်။ အီးယူကုန်သွယ်ရေး ကော်မရှင်နာဖြစ်သူ Mr. Valdis Dombrovskis ကလည်း အင်ဒိုနီးရှားနိုင်ငံနှင့် Free trade agreement ဆွေးနွေးညှိနှိုင်းမှုများ ၂၀၂၄ ခုနှစ်တွင် သဘောတူညီချက်များ ရရှိနိုင်မည်ဟု မျှော်လင့်ကြောင်းပြောကြားပါသည်။ အီးယူနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား ၂၀၁၆ ခုနှစ်က စတင်ဆွေးနွေးခဲ့သော Comprehensive Economic Partnership Agreement (CEPA) ကိုလည်း ပြန်လည်ညှိနှိုင်းဆွေးနွေး၍ သဘောတူညီချက်များ ရရှိနိုင်ရန် ဆောင်ရွက်မည့်အစီအစဉ်များလည်းရှိနေပါသည်။ အီးယူအနေဖြင့် ၂၀၂၃ ခုနှစ်တွင် အာဆီယံဥက္ကဋ္ဌဖြစ်လာမည့် အင်ဒိုနီးရှားနိုင်ငံတွင် အခြေစိုက်၍ အာဆီယံနိုင်ငံများနှင့် ပူးပေါင်းမှုများတိုးမြှင့် ဆောင်ရွက်လိုသည့် အလားအလာများလည်း ရှိနေပါသည်။

အင်ဒိုနီးရှားနိုင်ငံသည် ဒေသတွင်းတွင် စီးပွားရေးအရ ပိုမိုဆွဲဆောင်မှုရှိလာပြီး ၂၀၃၀ ပြည့်နှစ်တွင် အရှေ့တောင်အာရှဒေသ၏ အကြီးမားဆုံးဒစ်ဂျစ်တယ် စီးပွားရေးအင်အားစုဖြစ်လာရန် ရည်မှန်းဆောင်ရွက်နေခြင်း၊ နည်းပညာပိုင်းကုန်ထုတ်လုပ်မှုကဏ္ဍ လျင်မြန်စွာတိုးတက်လာနေခြင်းတို့ရှိနေကြောင်း အင်ဒိုနီးရှားနိုင်ငံ အခြေစိုက်လေ့လာ သုံးသပ်သူများက ပြောကြားပါသည်။ အင်ဒိုနီးရှားနိုင်ငံသည် ဒေသတွင်းတွင် နည်းပညာပိုင်းဆိုင်ရာ supply chain အတွက် ဦးတည်ကြိုးပမ်းလျက်ရှိပြီး လျှပ်စစ်ကားများအတွက် lithium ဘက်ထရီများ ထုတ်လုပ်ဖြန့်ဖြူးမှုတွင်လည်း ဈေးကွက်နေရာ ရယူဆောင်ရွက်လျက် ရှိပါသည်။ European Investment Bank (EIB) သည်လည်း ၎င်း၏ အာရှ-ပစိဖိတ်ဒေသရုံးခွဲကို ဂျာကာတာမြို့တွင် စက်တင်ဘာလအတွင်းက ဖွင့်လှစ်ခဲ့ပြီး EIB ၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ Mr.Kris Peeters က အင်ဒိုနီးရှားနိုင်ငံစီမံကိန်းတွင် တစ်နှစ်လျှင် ယူရို (၁)ဘီလီယံ ရင်းနှီးမြှုပ်နှံရန်ရှိကြောင်း၊ အရှေ့တောင်အာရှဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု၊ အစိမ်းရောင်စွမ်းအင်ကဏ္ဍ၊ ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် ရာသီဥတုပြောင်း

လဲမှုဒဏ်များ ကာကွယ်ထိန်းသိမ်းမှုတို့အတွက် မိတ်ဘက်နိုင်ငံများအဖြစ် ပူးပေါင်းဆောင်ရွက်သွားလိုကြောင်း ပြောဆိုပါသည်။

အီးယူနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား ၂၀၂၀ ခုနှစ်အတွင်း ကုန်သွယ်မှုဆိုင်ရာ အငြင်းပွားမှုများဖြစ်ပွားခဲ့ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့တွင် တိုင်ကြားမှုများ ရှိခဲ့ပြီးနောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့က ယခုနှစ်ဧပြီလအတွင်း လေ့လာသုံးသပ်မှုများပြုလုပ်ပြီးစီးခဲ့ပြီး နှစ်ကုန်ပိုင်းတွင် အစီရင်ခံစာပေါ်ထွက်လာရန် မျှော်လင့်ထားရှိပါသည်။ နှစ်ဦးနှစ်ဘက်အကြား ကုန်သွယ်ရေးပိုင်းညှိနှိုင်းဆောင်ရွက်နိုင်ပြီး ဆက်ဆံမှုများ တိုးမြှင့်သွားနိုင်ရေးကို မျှော်လင့်ဦးတည်လျှက်ရှိပါသည်။

Source: https://www.dw.com/en/eu-races-to-strengthen-trade-and-diplomatic-ties-with-indonesia/a-63367502

သီတာဝင်းဌေး၊ စီးပွားရေးသံမှူး
ဘာလင်

……………………………………………………………

## IMF က ဂျာမနီနှင့် အီတလီနိုင်ငံတို့ စီးပွားရေးအလားအလာများကို ခန့်မှန်းခြင်း

International Monetary Fund (IMF) က ၂၀၂၃ ခုနှစ်တွင် G7 အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဂျာမနီနှင့် အီတလီနိုင်ငံတို့ စီးပွားရေးကျဆင်းနိုင်မှုရှိကြောင်း၊ ရုရှားနိုင်ငံမှ ဓါတ်ငွေ့ရရှိမှုဖြတ်တောက်ခြင်းနှင့် စွမ်းအင်ဈေးနှုန်းမြင့်မားမှုများက များစွာသက်ရောက်မှုရှိစေမည်ဖြစ်ကြောင်း၊ ၁၁.၁၀.၂၀၂၂ ရက်နေ့က ခန့်မှန်းထုတ်ပြန်လိုက်ပါသည်။ ၂၀၂၃ ခုနှစ်၌ စီးပွားရေးတိုးတက်မှုနှုန်းမှာ ဂျာမနီနိုင်ငံအတွက် ယခင်ခန့်မှန်းထားသည့် ၀.၈ ရာခိုင်နှုန်းမှ ၀.၃ ရာခိုင်နှုန်းသို့လည်းကောင်း၊ အီတလီနိုင်ငံအတွက် ၀.၂ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးလျော့နည်း ခန့်မှန်းထားရှိပါသည်။ မူလက ယူရိုဇုန်ဒေသအနေဖြင့် စီးပွားရေးကျဆင်းနိုင်မှုကို ရှောင်လွှဲနိုင်ရန် မျှော်မှန်းထားရှိပြီး ယူရိုငွေကြေး အသုံးပြုသည့် နိုင်ငံ(၁၉) နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းကို ၀.၅ ရာခိုင်နှုန်းရောက်ရှိရန် မျှော်လင့်ထားရှိခဲ့ပါသည်။

IMF က ကမ္ဘာ့စီးပွားရေးကို ၂.၇ ရာခိုင်နှုန်းတိုးတက်မှုရရှိရန် မျှော်မှန်းထားရှိပြီး တရုတ်နိုင်ငံအတွက် ၂၀၂၃ ခုနှစ်တွင် ၄.၄ ရာခိုင်နှုန်းနှင့် ရုရှားနိုင်ငံတွင် ၂.၃ ရာခိုင်နှုန်း တိုးတက်မှုရရှိရန် ခန့်မှန်းထားပါသည်။ အမေရိကန်နိုင်ငံတွင် Federal Reserve က အတိုးနှုန်းများ မြင့်တက်လုပ်ဆောင်မှုကြောင့် လုပ်သားဈေးကွက်မှာ ခိုင်မာအားကောင်းမှုရှိသော်လည်း အလုပ်အကိုင်ရရှိမှုနှုန်းများမှာ နှေးကွေးလာနေကြောင်း၊ စီးပွားရေးတိုးတက်မှုနှုန်းအနေဖြင့် ယခုနှစ်အတွက် ၁.၆

ရာခိုင်နှုန်းနှင့် ၂၀၂၃ ခုနှစ် အတွက် ၁ ရာခိုင်နှုန်းသာ ခန့်မှန်းထားကြောင်း ထုတ်ပြန်ပါသည်။ IMF အနေဖြင့် လာမည့်နှစ်အတွက် ကမ္ဘာ့စီးပွားရေးသည် အစားအစာနှင့်စွမ်းအင် ဈေးနှုန်းများမြင့်တက်မှု၊ ငွေကြေးဖောင်းပွမှုနှင့် အတိုးနှုန်းများ မြင့်တက်လာမှုတို့ကြောင့် စိန်ခေါ်မှုများရှိနေဆဲဖြစ်ကြောင်း သုံးသပ်ထုတ်ပြန်ထားပါသည်။

Source: https://www.dw.com/en/imf-says-germany-and-italy-to-slip-into-recession-in-2023/a-63405441

သီတာဝင်းငွေ၊ စီးပွားရေးသံမှူး

ဘာလင်

……………………………………………………………………………………………………

Agribusiness & T